( မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ကယားပြည်နယ်၊ လွိုင်ကော်မြို့
စာအမှတ်၊ စမရ/ ၀ထ-၄၆/ ၉၁-၉၂/ ၀၀၄၇
ရက်စွဲ၊ ၁၉၉၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်

အကြောင်းအရာ။ ။ဝန်ထမ်းများ၏ လစာထားများ ရယူရန်ကိစ္စ။

ရည်ညွှန်းချက်။ ။ ဦးစီးဌာန၊ ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၅-၄-၉၁ နေ့စွဲပါစာအမှတ်၊ ၂၀၀/ ၃-၂/ ဥ၀၈ (ရ၄၄)

အထက်ပါကိစ္စနှင့်ပတ်သက်၍၊ ဝန်ထမ်းများအားလုံး မဖော်မပြ နှုန်းတန် ယောအိသိ တ်ဓါတ်ပုံရှိမှုအတိုင်း အတာကိုကိုရှိနိုင်ရန်အတွက်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ပေးပို့လာသည့်ပူးတွဲပါမေးခွန်း ပုံစံနှင့်ပါရှိသော မေးခွန်းများကို ဆက်သွယ်ရေးစခန်း အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း တိအား ဖြေကြားစေပြီး ရုံးသို့ (၁၉-၄-၉၁) နေ့အရောက် ပြန်လည်ပေးပို့ရန် အကြောင်းကြားပါသည်။

(ဝန်ထမ်းတစ်ဦးလျှင် (၄) စုံစီဖြည့်စွက်ပေးပို့ရန်)

ပူးတွဲပါ ( ၅. ) စုံ

( ကောင်းသန်း )
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ကယားပြည်နယ်၊ လွိုင်ကော်မြို့

မြန့်ဝေခြင်း -

- တာဝန်ခံအင်ဂျင်နီယာ၊ အော်တိုအိတ်ချိန်း၊ လွိုင်ကော်မြို့
- ဆက်သွယ်ရေးအရာရှိ-၃၊ ပြည်နယ်ကြေးနန်းစခန်း၊ လွိုင်ကော်မြို့
- ဆက်သွယ်ရေးမှူး-၁၊ ပြည်နယ်ဆက်သွယ်ရေးစခန်း၊ လွိုင်ကော်မြို့
- အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့တွင်းကေဘယ်လ်၊ လွိုင်ကော်မြို့
- အငယ်တန်းအင်ဂျင်နီယာ-၂၊ အဝေးဆက်ကယ်ရီယာ၊ လွိုင်ကော်မြို့
- အငယ်တန်းအင်ဂျင်နီယာ-၂၊ အဝေးဆက်လိုင်း၊ လွိုင်ကော်မြို့
- လက်အောက်ခံဆက်သွယ်ရေးစခန်းများ - မော်ချီး၊ ဖါဆောင်း၊ ဒီမော့ဆို၊ ဖရူဆို၊ လောပိတ၊ ဘောလခဲ
- လက်အောက်ခံရေဒီယိုကြေးနန်းစခန်းများ။ မော်ချီး၊ ဖားဆောင်း၊ ဘောလခဲ၊ ရှားတော၊ မယ်စဲ့
- လက်အောက်ခံတယ်လီဖုန်းစခန်းများ၊ ဒီမော့ဆို၊ ဖရူဆို
- ရုံးလက်ခံ

လျှို့ဝှက်

၁

၁။ မြန်မာနိုင်ငံကို သောင်းကျန်းသူအဖွဲ့အစည်းများဖြစ်သော ကေအိုင်အေ၊ ကေအန်ယူ၊ အေဘီအက်ဒီအက်ဖ်၊ မွန်ပြည်သစ်အဖွဲ့အစည်းများ ကိုးမိုးမှုကိုလိုလားပါသလား --

------------------------------------------------------------------------။

၂။ ဗကပ သောင်းကျန်းသူ ယူဂိုဏ်းအုပ်စုများကိုလိုလားပါသလား / ထောက်ခံပါသလား --

------------------------------------------------------------------------။

၃။ မြန်မာနိုင်ငံကိုပြည်ပနိုင်ငံတစ်ခု၏အုပ်ချုပ်မှုကိုလက်ခံနိုင်ပါသလား ---------

------------------------------------------------------------------------။

၄။ မြန်မာနိုင်ငံ၏ ဆိုကိုင် အဖွဲ့အစည်း၏ ဝင်ရောက်ဖြေ(လွယ်)မှုကိုလက်ခံနိုင်ပါသလား ---

------------------------------------------------------------------------။

၅။ မြန်မာနိုင်ငံကိုပြည်ပြေး စိန်ဝင်း အဖွဲ့၏အုပ်ချုပ်မှုကို ထောက်ခံပါသလား --------

------------------------------------------------------------------------။

၆။ မြန်မာနိုင်ငံကို ဝင်ဖြိုင်ကျိုး ဟုပြောသည့်ဦးနုအဖွဲ့၏အုပ်ချုပ်မှုကို ထောက်ခံပါသလား ။

------------------------------------------------------------------------။

၇။ ပြည်ပအသံလွှင့်ဌာနများဖြစ်သော ဘီဘီစီ၊ ဗွီအိုအေ၊ အေဆိုင်ဝေ့ဗ်များ၏အသံလွှင့်ချက်များကို ထောက်ခံပါသလား -------------------------------။

~~၈။ မြန်မာနိုင်ငံ၏လွတ်လပ်ရေးဆုံးရှုံးမှုကိုလိုလားပါသလား --------------~~

------------------------------------------------------------------------။

၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဦးတင်ဦး ၊ ဒေါ်စုကြည်၊ ဦးကြည်မောင် ဦးချစ်နိုင်တို့ကို ထောက်ခံပါသလား --------------------------------။

၁၀။ ပြည်ပြေးများဖြစ်သော စိန်ဝင်း ၊ ဗိုလ်တာလင်း ပင်၊ မောင်ကောင်၊ ဦးစိန်မြတို့ကို ထောက်ခံပါသလား --------------------------------------------။

၁၁။ ၁၉၈၈ ခုနှစ်အရေးအခင်းမျိုးပြန်ရောက်မည့်အခြေအနေကိုလိုလားပါသလား --

------------------------------------------------------------------------။

၁၂။ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေမပေါ်ပေါက်မီ တပ်မတော်မှ နိုင်ငံတော်ကို ထိန်းသိမ်းထားခြင်းကိုလိုလားပါသလား ---------------------------------။

၁၃။ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက်နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ကိုလက်ခံပါသလား --------------------------------------။

၁၄။ ဝန်ထမ်းအားလုံးပါတီနိုင်ငံရေးကင်းရှင်းရမည်ကိုလက်ခံပါသလား -------

------------------------------------------------------------------------။

လျှို့ဝှက်

<u>လျှို့ဝှက်</u>

၂

၁၅။ လက်မခံနိုင်ဟုကိုယ်ထင်သောကြောင့်လက်မခံနိုင်သည်ကိုရှင်းလင်းပါ------------------------။

၁၆။ ယခင်လမ်းစဉ်ပါတီခေတ်က ပါတီဝင်ဖြစ်ခဲ့ပါသလား ------------------။

၁၇။ ပါတီဝင်ဖြစ်ခဲ့လျှင် ပါတီဝင်အမှတ်ကို ဖော်ပြပါ------------------။

၁၈။ ပါတီတာဝန်ကို ဖော်ပြပါ----------------------။

၁၉။ နိုင်ငံတော်အစိုးရ ဝန်ထမ်းများအား ပါတီနိုင်ငံရေးကင်းရှင်းရန်သွန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ရာသွန်ကြားချက်များအား ဖောက်ဖျက်ပါကအရေးယူခံရမည်ဖြစ်သည်ကိုအသိရှိပါသလား ------------------------------။

၂၀။ သင်၏အဓိကတာဝန်သည်ဘာလဲ------------------------------။

၂၁။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်လျှင်ရာထူးမှထုတ်ပယ်သည်အထိအရေးယူမည်ကိုသိရှိပါသလား။----------------------။

၂၂။ တပ်မတော်အနေဖြင့်ပြီးခဲ့သော ရွေးကောက်ပွဲတွင်ဘက်လိုက်မှုရှိခဲ့ပါသလား ------------------------------။

၂၃။ နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် ခေတ်တစ်ခေတ်၊ စနစ်တစ်ခု ပြောင်းလဲရာတွင် အချိန်ကာလမည်မျှကြာတတ်ပါသလဲ------------------------------။

၂၄။ နိုင်ငံတော် အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်သည့်အဖွဲ့အစည်း သည်မည်သည့်အဖွဲ့အစည်းဖြစ်ပါသလဲ----------------------။

၂၅။ မြန်မာနိုင်ငံကိုမည်သည့်စနစ်ဖြင့်သွားလျှင်အသင့်တော်ဆုံးဖြစ်မည်လဲ------------------------------။

၂၆။ နိုင်ငံတော်၏အကြီးအကဲ (သမ္မတ) အား မည်ကဲ့သို့ ရွေးချယ်သင့်သနည်း

(က) ပြည်သူမှတိုက်ရိုက် ရွေးချယ်နည်း ------------------။

(ခ) အဆင့်ဆင့် ရွေးချယ်နည်း (မြို့နယ်၊ တိုင်း၊ ဗဟို) ------------------။

(ဂ) လွှတ်တော် / ပါလီမန်မှကိုယ်စားလှယ်ထဲမှ ရွေးချယ်နည်း ------------------။

(ဃ) လွှတ်တော် / ပါလီမန်ကိုယ်စားလှယ်မဟုတ်သော သင့်လျော်သူကိုလွှတ်တော် / ပါလီမန်မှတိုက်ရိုက် ရွေးချယ်နည်း ------------------------------။

လျှို့ဝှက်

၃

၂၇။ နိုင်ငံခြားသား နှင့်လက်ထပ်ထားသူကို နိုင်ငံ့အကြီးအကဲအဖြစ် ရွေးသင့်ပါသလား -

------------------------------------------------------------------။

၂၈။ ရွေးသင့်လျှင် နိုင်ငံ၏အခြေအနေမည်သို့ဖြစ်လာမည်နည်း ---------------------

------------------------------------------------------------------။

၂၉။ လူအများကိုခြိမ်းခြောက်ခေါင်းဖြတ်ခြင်း ၊ နိုင်ငံပိုင်ပစ္စည်းများ ဖျက်ဆီးခြင်း တပ်မတော်ပြိုကွဲအောင်၊ ကစဉ့်ဖြိုခွဲရေး ပြုလုပ်သူကိုအပြစ်မည်သို့အပြစ်ပေးသင့်သနည်း -

------------------------------------------------------------------။

၃၀။ နိုင်ငံတော်၏အရေး နှင့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အရေး ၊ မည်သည့်အရေးကို ဦးစားပေးမည်နည်း ----------------------------------------------

------------------------------------------------------------------။

၃၁။ ယနေ့တပ်မတော်၏ဆောင်ရွက်ချက်များ သည်မည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်နေပါသလဲ -----------------------------------------------

------------------------------------------------------------------။

၃၂။ နိုင်ငံတော်၏ [illegible] ဝါဒကိုပျိုးထောင်နေသည့်တပ်မတော်ကိုရန်သူသဖွယ်ရှုမြင်သည့်အဖွဲ့အစည်းအား တပ်မတော်အနေဖြင့်မည်သို့သဘောထားသင့်ပါသလဲ ---

------------------------------------------------------------------။

၃၃။ တပ်မတော်ကိုထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုများ ပြုလုပ်သင့်ပါသလား ----------

------------------------------------------------------------------။

လက်မှတ် ______________

အမည် ______________

ရာထူး ______________

ဌာန ______________

______________

ရက်စွဲ၊ ၁၉၉၁ ခုနှစ် ဧပြီလ (     ) ရက်။